# ၁၉၄၇ နှင့် ၂၀၀၈ အခြေခံဥပဒေများ၏ တူညီချက်များ

| စဉ် | အကြောင်းအရာ | ပုဒ်မ | |
|---|---|---|---|
| | | ၁၉၄၇ | ၂၀၀၈ |
| ၁။ | **နိုင်ငံတော်အခြေခံမူ**<br>- မြန်မာနိုင်ငံသည် သမ္မတနိုင်ငံတော် ဖြစ်သည်။<br>- နိုင်ငံတော်သည် အချုပ်အခြာအာဏာသည် နိုင်ငံသားထံမှ ဆင်းသက်သည်။<br>- နိုင်ငံတော်သည် မြေယာအားလုံးပင်ရင်း ပိုင်ရှင်ဖြစ်သည်။<br>- အခလွတ် မသင်မနေရ မူလတန်းပညာ ပြဌာန်းရမည်။ | <br>၁<br>၃<br><br>၃၀<br>၃၃ (ဃ) | <br>၂<br>၄<br><br>၃၇<br>၂၈ (ဂ) |
| ၂။ | **နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံ**<br>- နိုင်ငံတော်ကို ပြည်ထောင်စုမြန်မာနိုင်ငံဟု ခေါ်ရမည်။ | <br>၁ | <br>၈ |
| ၃။ | **နိုင်ငံတော်အကြီးအကဲ**<br>- သမ္မတသည် နိုင်ငံတော်အကြီးအကဲဖြစ်သည်။<br>- သမ္မတသည် လွှတ်တော်ကိုယ်စားလှယ် ဖြစ်ရန်မလိုအပ်ပါ။<br>- သမ္မတသည် ရာထူးသက်တမ်း နှစ်ကြိမ်ထက် ဆောင်ရွက်ခြင်း မပြုရ။ | <br>၄၅<br>၄၇ (၁)<br>၄၈ (၂) | <br>၁၆<br>၅၇<br>၆၁ (ဂ) |
| ၄။ | **နိုင်ငံသား မူလအခွင့်အရေးနှင့် တာဝန်များ**<br>- မိမိယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို ဖော်ထုတ်ပြောဆိုခွင့်၊ ရေးသားခွင့်ရှိသည်။<br>- ဗုဒ္ဓဘာသာသည် နိုင်ငံတော်၏ နိုင်ငံသားအများဆုံးကိုးကွယ်သော ဘာသာဖြစ်သည်။<br>- နိုင်ငံတော်အတွင်း မည်သည့်အရပ်ဒေသ၌မဆို နေထိုင်နိုင်သည်။<br>- လက်နက်မပါပဲ ငြိမ်းချမ်းစွာ စုဝေးခွင့်၊ စီတန်းလှည့်လည်ခွင့်ရှိသည်။<br>- နိုင်ငံသားအားလုံး ညီမျှသော အခွင့်အရေးရှိသည်။ | <br>၁၇ (က)<br><br>၂၀<br><br>၁၇ (ဂ)<br>၁၇ (ခ)<br><br>၁၄ | <br>၃၅၄(က)<br><br>၃၆၁<br><br>၃၅၅<br>၃၅၄(က)၊<br><br>၃၄၇ |
| ၅။ | **ရွေးကောက်တင်မြှောက်ခြင်း**<br>- ၁၈ နှစ်ပြည့်သော နိုင်ငံသားတိုင်း ဆန္ဒမဲပေးခွင့်ရှိသည်။<br>- သာသနာ့ဝန်ထမ်းများ မဲပေးပိုင်ခွင့် မရှိ။<br>- လျို့ဝှက်မဲပေးစနစ်ကို ကျင့်သုံးရမည်။ | <br>၇၆ (၂)<br>၇၆<br>၇၆ (၅) | <br>၃၉၁(က)<br>၃၉၂(က)<br>၃၉၁(ဃ) |
| ၆။ | **အခြေခံဥပဒေ ပြင်ဆင်ခြင်း**<br>- အခြေခံဥပဒေပြင်ဆင်ရန် ဥပဒေမူကြမ်းအဖြစ် တင်သွင်းရမည်။ | <br>၂၀၈ (၁) | <br>၄၃၄ |
| ၇။ | **အရေးပေါ်ကာလ ပြဌာန်းချက်**<br>- နိုင်ငံတော်သမ္မတသည် အရေးပေါ်အခြေအနေ ကြေညာနိုင်သည်။ | <br>၉၄ (၁) | <br>၄၁၀ |

| | | | |
|---|---|---|---|
| ၈။ | **အထွေထွေပြဌာန်းချက်**<br>- မြန်မာဘာသာသည် ရုံးသုံးဘာသာဖြစ်ရမည်။ | ၂၁၆ | ၄၅၀ |

## ၁၉၄၇ နှင့် ၂၀၀၈ အခြေခံဥပဒေများ၏ မတူညီချက်များ

| စဉ် | အကြောင်းအရာ | ပုဒ်မ | |
|---|---|---|---|
| | | ၁၉၄၇ | ၂၀၀၈ |
| ၁။ | **နိုင်ငံတော်အခြေခံမူ** | | |
| | - ပြည်ထောင်စု မပြိုကွဲရေး၊ စစ်တပ်ပါဝင်ရေး စသောအရေး (၆)ပါး ၂၀၀၈ မှာပါရှိသည်။ | - | ၆ |
| | - နိုင်ငံဝန်ထမ်းပါတီ နိုင်ငံရေးကင်းရှင်းရမည်ဟု ၂၀၀၈ မှာပါရှိသည်။ | - | ၂၆ |
| | - အိုမင်းမစွမ်းသူများ အထောက်အပံ့ရရှိနိုင်သော အခွင့်အရေး ၁၉၄၇ မှာ ရှိသည်။ | ၃၃ (ခ) | - |
| | - လူငယ်လူရွယ်များ အထူးဂရုပြု၍ ထိုသူတို့၏ ပညာရေးကို အားပေးရမည်။ | ၃၄ | - |
| | - အင်အားနည်း၍ တိုးတက်မှုနောက်ကျသော နိုင်ငံသားပညာရေးနှင့် စီးပွားရေး အထူးဂရုစိုက်ရန် ဟု ၁၉၄၇ ခုနှစ် အခြေခံဥပဒေတွင် ပါဝင်သည်။ | ၃၅ | - |
| | - ပြည်သူနေထိုင်ရေး၊ ကျန်းမာရေး ကောင်းမွန်တိုးတက်မှုသည် နိုင်ငံတော်၏ တာဝန်ဖြစ်သည်။ | ၃၆ | - |
| ၂။ | **နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံ** | | |
| | - ပြည်ထောင်စုမြန်မာနိုင်ငံမှ ခွဲထွက်နိုင်ရန် ပြည်နယ်တိုင်း၌ အခွင့်အရေးရှိသည်။ | ၂၀၁ | - |
| | - ပြည်ထောင်စု၊ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ကရင်နီပြည်နယ်၊ ချင်းဂိဒေသတိုင်းဖြင့် နိုင်ငံတော်ကို ဖွဲ့စည်းသည်။ | ၂၊ ၁၅၄၊ ၁၆၆ | - |
| | - ပြည်နယ်အသစ် ဝင်ခွင့်ပြုနိုင်သည်။ | ၁၉၉ | - |
| | - နိုင်ငံတော်၏ နယ်မြေအပိုင်းအခြားဟူသမျှသည် နိုင်ငံတော်မှ မည်သည့်အခါမျှ ခွဲမထွက်ရ။ | - | ၁၀ |
| | - တိုင်းဒေသကြီး (၇)ခု၊ ပြည်နယ် (၇)ခုနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (၆)ခုဖြင့် ဖွဲ့စည်းသည်။ | - | ၄၉၊ ၅၆ |
| | - တိုင်းဒေသကြီး(၇)ခု နှင့် ပြည်နယ် (၇)ခုတို့သည် အဆင့်တန်းတူညီသည်။ | - | ၉ (က) |
| ၃။ | **နိုင်ငံတော်အကြီးအကဲ** | | |
| | - နိုင်ငံတော်သမ္မတသည် နိုင်ငံတော်အကြီးအကဲနှင့် အစိုးရအကြီးအကဲ ဖြစ်သည်။ | - | ၁၆ |
| | - သမ္မတအပြင် ဒုတိယ သမ္မတ နှစ်ဦးရှိသည်။ | - | ၃၇ |

| | | | |
|---|---|---|---|
| | - နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ စစ်ရေးအမြင်ရှိသူ ဖြစ်ရမည်။<br>- အနှစ် (၂၀) နိုင်ငံတော်အတွင်း တဆက်တည်းနေထိုင်သူ ဖြစ်ရမည်။<br>- မိမိ၊ မိဘ၊ သားသမီး၊ သမီးသမက် နိုင်ငံခြားသား မဖြစ်ရ။<br>- အသက် (၄၅) နှစ်ပြည့်ပြီးသူ ဖြစ်ရမည်။ | -<br>-<br>-<br>- | ၅၉ (ဃ)<br>၅၉ (င)<br>၅၉ (စ)<br>၅၉ (ဆ) |
| ၄။ | **ဥပဒေပြုရေး**<br>- လွှတ်တော်နှစ်ရပ်ကို ပြည်သူ့လွှတ်တော်နှင့် လူမျိုးစုလွှတ်တော်ဟု ခေါ်ရမည်။<br>- လွှတ်တော်နှစ်ရပ်ကို ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ဟု ခေါ်ရမည်။<br>- လွှတ်တော်သက်တမ်း (၄)နှစ် ရှိသည်။<br>- လွှတ်တော်သက်တမ်း (၅)နှစ် ရှိသည်။<br>- ငွေဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်၌သာလျှင် စတင်သွင်းရမည်။<br>- ဥပဒေကြမ်းများကို ပြည်သူ့လွှတ်တော်တွင်ဖြစ်စေ၊ အမျိုးသားလွှတ်တော်တွင်ဖြစ်စေ စတင်နိုင်သည်။<br>- အသက် (၂၁)နှစ်ပြည့်သော နိုင်ငံသားတိုင်း ပါလီမန်အမတ်အဖြစ် အရွေးခံနိုင်သည်။<br>- ပြည်သူ့လွှတ်တော်အတွက် အသက် (၂၅)နှစ်၊ အမျိုးသားလွှတ်တော်အတွက် အသက် (၃၀)ပြည့်ရန် လိုသည်။<br>- ပြည်သူ့လွှတ်တော်တွင် သတ်မှတ်သော မဲဆန္ဒနယ်မြေများမှ ရွေးကောက်တင်မြှောက်ရမည်။<br>- ပြည်သူ့လွှတ်တော်ကို မြို့နယ်နှင့် လူဦးရေကို အခြေခံ၍ ရွေးကောက်တင်မြှောက်ရသည်။<br>- ပြည်သူ့လွှတ်တော်အမတ်ဦးရေသည် လူမျိုးစုလွှတ်တော်အမတ်ဦးရေ၏ နှစ်ဆနီးပါး ဖြစ်နိုင်သမျှဖြင့် ရွေးချယ်ရသည်။<br>- တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အရေအတွက် ညီမျှစွာ ရွေးသည့် အမျိုးသားလွှတ်တော်ဖြစ်သည်။<br>- လွှတ်တော်များတွင် တပ်မတော်သားကိုယ်စားလှယ် ၂၅% ပါဝင်။ | ၈၀<br>-<br>၈၅<br>-<br>၁၀၃<br>-<br>၇၆ (၁)<br>-<br>၈၃ (၁)<br>-<br>၈၃ (၂)<br>-<br>- | -<br>၇၄၊ ၁၄<br>-<br>၁၁၉<br>-<br>၁၀၁<br>-<br>၁၅၂<br>-<br>၁၀၉<br>-<br>၁၄၁<br>၁၀၉၊ ၁၄၁၊ ၇၄ |
| ၅။ | **အုပ်ချုပ်ရေး**<br>- သမ္မတသည် နိုင်ငံတော်အုပ်ချုပ်ရေး အကြီးအကဲဖြစ်သည်။<br>- ဝန်ကြီးချုပ်သည် အစိုးရအဖွဲ့၏ အကြီးအမှူးဖြစ်ရမည်။<br>- သမ္မတသည် ပြည်ထောင်စုလွှတ်တော်ကို တာဝန်ခံရမည်။<br>- ဝန်ကြီးချုပ်သည် ပြည်သူ့လွှတ်တော်၏ ထောက်ခံမှုမရသောအခါ | -<br>၅၆ (က)<br>-<br>၁၁၉ | ၁၉၉ (က)<br>-<br>၂၀၃<br>- |

| | | | |
|---|---|---|---|
| | ရာထူးမှနုတ်ထွက်ရမည်။ | | |
| ၆။ | **တရားစီရင်ရေး**<br>- စစ်ဘက်ဆိုင်ရာ တရားရုံးများနှင့် ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံး ရှိသည်။<br>- ၁၉၄၇ အခြေခံဥပဒေမှာ အထက်ဖော်ပြပါ တရားရုံးများ မရှိပါ။ | - | ၂၉၃ (ခ၊ ဂ) |
| ၇။ | **တပ်မတော်**<br>- လွှတ်တော်အသီးသီးမှာ တပ်မတော်ကိုယ်စားလှယ် ၂၅% ပါဝင်ခွင့်ရှိသည်။<br>- ကာချုပ်သည် ကာကွယ်ရေး၊ ပြည်ထဲရေးနှင့် နယ်စပ်ဒေသဝန်ကြီးများ ခန့်ထားခွင့်ရှိသည်။<br>- တပ်မတော်၏ အဓိကတာဝန်သည် အခြေခံဥပဒေကာကွယ်ရေး ဖြစ်သည်။<br>- တပ်မတော်သည် တပ်ပိုင်းဆိုင်ရာကိစ္စအားလုံး လွတ်လပ်စွာဖြေရှင်း ခွင့်ရှိသည်။<br>- အလားတူပြဋ္ဌာန်းချက်များ ၁၉၄၇ ဥပဒေတွင် မရှိပါ။ | -<br><br>-<br><br>-<br><br>- | ၇၄ (က၊ခ)<br><br>၂၃၂ (ခ)<br><br>၂၀ (စ)<br><br>၂၀ (ခ) |
| ၈။ | **နိုင်ငံသား မူလအခွင့်အရေးနှင့် တာဝန်များ**<br>- နိုင်ထက်စီးနင်းခိုင်းစေခြင်းနှင့် အလိုဆန္ဒမပါပဲ ကျေးကျွန်သဖွယ်ခိုင်းခြင်းတို့ကို တားမြစ်သည်။<br>- နိုင်ငံတော်ပညာသင်ကျောင်းများသို့ ဝင်ခွင့်ပြုရန် လူမျိုးဘာသာမခွဲခြားရ၊ အတင်းအကြပ်လိုက်နာသင်ယူစေရန် ပညတ်ခြင်း မပြုရ။<br>- အလားတူပြဋ္ဌာန်းချက်များ ၂၀၀၈ မှာ မရှိပါ။ | ၁၉ (ခ)<br><br>၂၂ | -<br><br>- |
| ၉။ | **ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်း**<br>- လွှတ်တော်နှစ်ရပ်၏ သုံးပုံနှစ်ပုံက တွဲဖက်အစည်းအဝေးတွင် ထောက်ခံရမည်။<br>- ကိုယ်စားလှယ်အားလုံး၏ ၇၅%ကျော်က ထောက်ခံပြီး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲမှာ ထက်ဝက်ကျော် သဘောတူရန်။<br>- အခြေခံဥပဒေက ကရင်နှင့် ချင်းတို့အားပေးထားသော အခွင့်အရေးလျော့ချရေးကို သူတို့ကိုယ်စားလှယ်များက မထောက်ခံလျှင် အတည်မပြုပါ (ပြင်ဆင်ချက်)။ | ၂၂၉ (၃)<br><br>-<br><br>၂၀၉ (၅) | -<br><br>၄၃၆ (က)<br><br>- |